**ဒီဇင်ဘာ ၁၀ ရက်**

**သတင်းထုတ်ပြန်ချက်**

## မြေယာ၊ လူ့အခွင့်အရေး ခုခံကာကွယ်သူများနှင့် လူထုပါဝင်မှုတို့သည် ၂၀၁၆ခုနှစ်အတွက် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ထိပ်တန်းပြဿနာသုံးခုဖြစ်သည်။

၂၀၁၆ခုနှစ်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ထိပ်တန်းပြဿနာများမှာ မြေယာ၊ လူ့အခွင့်အရေးခုခံကာကွယ်သူများနှင့် လူထုပါဝင်မှုတို့ဖြစ်သည်ကို အကျိုးစီးပွား ပါဝင်ပတ်သက်သူများအား အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း အွန်လိုင်းမှတဆင့် စစ်တမ်းကောက်ယူကြည့်ရာမှတွေ့ရှိရသည်။

မြေယာအရေးသည် စာရင်းတွင် ထိပ်တန်းမှဦးဆောင်နေသည်။ (၂၀၁၁) မတိုင်ခင်က စစ်အစိုးရက ချမှတ်ခဲ့သည့် ရှုပ်ထွေးသောအလေ့အထများကို ရင်ဆိုင်ကျော်လွှားနေရဆဲဖြစ်သည်။ ၎င်းအချိန်မှစပြီး ကြုံတွေ့ခဲ့ရသော (မြေယာဆိုင်ရာ) အကြမ်းဖက်မှုများကို ဖြေရှင်းပြီးဖြစ်သော်လည်း မဖြေရှင်းရသေးသောကိစ္စများလည်း ကျန်သေးသည်များရှိနေသေးသည်။ မြေယာ အသုံးချမှု မူဝါဒကလည်း မူကြမ်းအဆင့်သာရှိသေးသည်။ ဥပဒေအဖြစ်ချမှတ်ပြီးလျှင်ပင် ပြန်လည်သုံးသပ်ရန်နှင့် ဥပဒေသစ်များချမှတ်ရန် လိုအပ်နေသေးသည်။ ၎င်းဥပဒေသစ်များသည် ရှုပ်ထွေးပြီး ထိခိုက်လွယ်သော ဌာနေတိုင်းရင်းသားများအရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာအရေးများ နှင့်ပတ်သက်ပြီး အုပ်ချုပ်ရေးပိုင်းနှင့် အစိုးရပိုင်းမှ လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

ညှိနှိုင်းဆွေးနွေးမှု (consultations) များမှ ရရှိသည့်ထိပ်တန်း(၁၀) ချက်အနက် အရေးပါသောအချက်တစ်ခုမှာ လူ့အခွင့်အရေးဆိုင်ရာ ခုခံကာကွယ်သူများအရေးဖြစ်သည်။ ယခုနှစ်များအတွင်း လူ့အခွင့်အရေးဆိုင်ရာ ခုခံကာကွယ်သူများ၏ အခွင့်အရေးအခြေအနေ တိုးတက်လာသော်လည်း ၂၀၁၅ခုနှစ်အတွင်းတွင် အလုပ်သမားကိုယ်စားလှယ်များ၊ မြေသိမ်းခံလယ်သမားများ၏ ဆန္ဒပြမှုများ၊ ဆိုးကျိုးရှိသော သတ္တုတွင်းတူးလုပ်ငန်းများကို ဆန့်ကျင်သည့်ဒေသခံ ခေါင်းဆောင်များနှင့် လူမှုကွန်ယက်မီဒီယာများတွင် မိမိအမြင်ကို ငြိမ်းချမ်းစွာဖော်ထုတ်သူများကို အကြမ်းဖက်ခြင်းနှင့် ဖမ်းဆီးခြင်းများ ပြုလုပ်နေသည်ကို တွေ့နေရသေးသဖြင့် လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများက စိုးရိမ်ပူပန်မှုများ ရှိနေသေးသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လူ့အခွင့်အရေးကို ကာကွယ်ပြီး မတရားဖမ်းဆီး

ချုပ်နှောင်မှု၊ ငြိမ်းချမ်းစွာဆန္ဒပြသူများကို ထောင်သွင်းအကျဉ်းချမှုများမှ ကာကွယ်ပေးမည်ဟု ကတိပြုထားသည်။

လူထုပါဝင်မှုမှာ ၂၀၁၆အတွက် ထပ်တန်းအရေးပါမှုသုံးချက်တွင် နောက်ဆုံးအချက်ဖြစ်သည်။ ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုများ စတင်ပြုလုပ်လာသော ၂၀၁၂ခုနှစ်အတွင်းတွင် အနောက်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများဝင်ရောက်လာသောအခါ အစိုးရနှင့် စီးပွားရေးလုပ်ငန်းများသည် ဒေသခံပြည်သူများနှင့် ထိတွေ့ဆက်ဆံခြင်း၊ လူထုညှိနှိုင်းဆွေးနွေးခြင်းများကို အဓိပ္ပာယ်ပြည့်ဝအောင် ပြုလုပ်လာကြသည်။ ၂၀၁၆တွင်မြန်မာနိုင်ငံသည် အပြောင်းအလဲအတွက် ခြေလှမ်းသစ်စနေသောအချိန်ဖြစ်ပြီး တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများတွင် လူထုပါဝင်မှုအားကောင်းလာစေရန်မှာ စိန်ခေါ်မှုရောအခွင့်အလမ်းပါရှိနေသည်။ ဥပမာအားဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုများအားဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်း (environmental impact assessment (EIA) procedures) မူကြမ်းရေးအရ လုပ်ငန်းစီမံကိန်းများတွင် သတင်းအချက်အလက်များလည်း မဖြစ်မနေပေးရမည့်အပြင် ဒေသခံပြည်သူများ နှင့်ထိတွေ့ဆက်ဆံခြင်း (public engagement) ပြုလုပ်ရမည်ဖြစ်သည်။ သို့သော်လည်း ယခုအချိန်အထိ ထုတ်ပြန်ကြေငြာခြင်းမရှိသေးပေ။ ဒေသခံများ၏ အကျိုးစီးပွားကို ဖွံ့ဖြိုးမှုနည်းဗျူဟာတွင် ထည့်သွင်းလုပ်ဆောင်ခြင်းရှိမရှိ၊ ကုမ္ပဏီများ၏တာဝန်ယူမှုရှိမရှိ စသည်တို့ကို စောင့်ကြည့်သောလုပ်ငန်းများလုပ်ကိုင်နေသည့် အရပ်ဖက်လူ့အဖွဲ့အစည်းများကိုလည်း စောင့်ကြည့်နိုင်သည့် အရည်အသွေးများရှိလာအောင် ထောက်ပံ့ပေးရန်လိုအပ်သည်။

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန(MCRB) ၏ တည်ထောင်သူ မိဘအဖွဲ့အစည်းဖြစ်သော (Institute for Human Rights and Business-IHRB) ကကမ္ဘာလုံးဆိုင်ရာအွန်လိုင်းစစ်တမ်း ကောက်ယူခဲ့ပြီး မြန်မာ၊ကိုလံဘီယာနှင့် ကင်ညာနိုင်ငံတို့တွင်လည်း နိုင်ငံအလိုက်စစ်တမ်းများ ကောက်ယူခဲ့သည်။ ၄င်းစစ်တမ်းကလာမည့် ၂၀၁၆ခုနှစ်အတွက် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ထိပ်တန်းပြဿနာ(၁၀)ခုကို ဆုံးဖြတ်ရာတွင် အကူအညီပေးပါသည်။ ၄င်းထိပ်တန်းပြဿနာ(၁၀)ခုကို ဒီဇင်ဘာ(၁၀)ရက်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် ကြေငြာမည်ဖြစ်ပါသည်။ http://www.ihrb.org/top10/2016.html

IHRB ၏ထိပ်တန်းပြဿနာ(၁၀)ခုမှာ အောက်ပါအတိုင်းဖြစ်သည်။ (၄င်းတို့ကို အရေးပါမှုအစီအစဉ်အတိုင်း စီထားခြင်း မဟုတ်ပါ။)

- စီးပွားရေးလုပ်ငန်းကြီးကြီး၊ ကိန်းဂဏန်းကြီးကြီးတို့ကြောင့် လူ့အခွင့်အရေးသက်ရောက်မှုကို နားလည်သိရှိအောင် အမြင်ဖွင့်ပေးခြင်း၊ (ကိုယ်ပိုင်အချက်အလက်များအတွက်) အကာအကွယ်ပေးမှုကို သေချာစေခြင်း။
- ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်ခြင်းဖြင့် မတူညီသောအဖွဲ့အစည်းများ(လူများ)ကို တန်ဖိုးထားတတ်သည့် ရေရှည်တည်တံ့သော စီးပွားရေးဦးဆောင်မှုရှိခြင်း။
- အဓမ္မစေခိုင်းမှုနှင့် လူကုန်ကူးမှုကိုတိုက်ဖျက်သည့် ဦးဆောင်မှုအဟုန်ကို ရေရှည်တည်တံ့စေခြင်း။
- စီးပွားရေးလုပ်ငန်းများတွင် ကျင့်သုံးရမည့် နစ်နာမှုကုစားချက်များ ကျင့်သုံးခြင်းဆိုသော မေ့လျော့နေသောမဏ္ဍိုင်အား အရေးပါသောမဏ္ဍိုင်ဖြစ်လာစေရန် (စီးပွားရေးလုပ်ငန်းများ၊ စီမံကိန်းများ)ကြောင့် ထိခိုက်မှုများကို သတ်မှတ်ဖော်ထုတ် စောင့်ကြည့်လေ့လာ အကာကွယ်ပေးခြင်း။
- စီးပွားရေးလုပ်ငန်းများက လူ့အခွင့်အရေးဆိုင်ရာ အလေးဂရုပြုအားထုတ်ကြိုးပမ်းမှု လုပ်ငန်းစဉ်တစ်ရပ်(due diligence)ကို လုပ်ကိုင်စေရန်အစိုးရကလည်း ဥပမာစံပြဖြစ်နေခြင်း၊ ဥပဒေနှင့်အညီ ထိန်းချုပ်ခြင်း။
- စီးပွားရေးလုပ်ငန်းများက ရာသီဉတုဆိုင်ရာလုပ်ငန်းစဉ် (ဥပမာ-ကာဗွန်လျော့ချရေး)များတွင် ပါဝင်ခြင်းဖြင့် လူ့အခွင့်အရေးနှင့် ရာသီဉတုဆိုင်ရာဆိုးကျိုးများကို လျော့နည်းစေခြင်း။
- ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များ (UN Sustainable Development Goals )အကောင်ထည်ဖော်ရာတွင် ကတိကဝတ်များကို ဂရုပြုခြင်း။
- အရပ်ဖက်လူမှုအဖွဲ့အစည်းများကိုလည်း စီးပွားရေးလုပ်ငန်းများက ထောက်ခံကာကွယ်ပေးရန်။
- စီးပွားရေးလုပ်ငန်းကြီးများ၏ လူ့အခွင့်အရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုများလုပ်ဆောင်ရာတွင် ပိုမိုကောင်းမွန်သောလုပ်ဆောင်ချက်များကို စာတွေ့မဟုတ်ဘဲလက်တွေ့ဆောင်ရွက်ခြင်း။
- ၂၀၁၆ခုနှစ်ကို ကြီးမားသောအားကစားပွဲများကြောင့် လူ့အခွင့်အရေးထိခိုက်မှုများ မရှိစေရန် လုပ်ကိုင်နိုင်မည့် အိုလံပစ်နှစ်အဖြစ် ဆောင်ရွက်နိုင်ရန်အခက်အခဲကို ရင်ဆိုင်ကျော်လွှားခြင်း။

## နောက်ခံအကြောင်း

**Myanmar Centre for Responsible Business (MCRB)**သည် ရန်ကုန်မြို့တွင် အခြေစိုက်ပြီး ယူကေ၊ဒိန်းမတ်၊ နော်ဝေ၊ ဆွစ်ဇာလန်၊ နယ်သာလန်နှင့် အိုင်ယာလန်အစိုးရတို့မှ ထောက်ပံ့ပေးထားသည်။ ယူကေအခြေစိုက် Institute for Human Rights and Business (IHRB) နှင့် ဒိန်းမတ်အခြေစိုက် Danish Institute for Human Rights (DIHR) တို့၏ ပူပေါင်းဆောင်ရွက်မှုဖြင့်၂၀၁၃ခုနှစ်တွင်ဖွဲ့စည်းခဲ့သည်။ ပြည်တွင်းလိုအပ်ချက်များပေါ် မူတည်၍ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ တာဝန်ယူမှုရှိသောစီးပွားရေးကျင့်ဝတ်များ ပေါ်ပေါက်လာရန် လိုအပ်သော အသိ ပညာ၊ စွမ်းရည်၊ ဆွေးနွေးတိုင်ပင်ခြင်းများကို အားပေးပြီး ထိရောက်အသုံးတည့်သည့် အခင်းအကျင်းတစ်ခု ဖန်တီးပေးလိုသောရည်ရွက်ချက်ဖြင့် ဤဌာနကို တည်ထောင်ခဲ့ရခြင်းဖြစ်သည်။ (MCRB) သည် စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ အစိုးရများနှင့်ပူးပေါင်းဆောင်ရွက်နေသော ဘက်လိုက်မှုကင်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

**Institute for Human Rights and Business (IHRB)** သည် နိုင်ငံတကာကလက်ခံကျင့်သုံး သည့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် စီးပွားရေးလုပ်ငန်းကြား ဆက်သွယ်ပေးသည့် ကမ္ဘာလုံးဆိုင်ရာ အကြံပေး (Think Tank)အဖွဲ့ဖြစ်သည်။ IHRBသည် မူဝါဒပုံဖော်ရန်၊ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ကုမ္ပဏီများ၏ လုပ်ငန်းများမပါဝင်စေရန်အတွက် တာဝန်ခံမှုအား ကောင်းရန်နှင့် အလေ့အထများအဆင့်မြှင့်ရန် လုပ်ကိုင်ဆောင်ရွက်ပြီး ရလဒ်ကောင်းများကို ထွက်ပေါ်စေခဲ့သည်။ IHRB ဦးစားပေးလုပ်ငန်းများမှာ အကြီးမားဆုံးသော သက်ရောက်မှု၊ စွမ်းဆောင် သလောက်ထိရောက်မှုရှိပြီး အချိန်ကာလတစ်ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည့် လုပ်ငန်းအစီအစဉ်များကို စီးပွားရေးနှင့် နိုင်ငံရေး အသွင်ကူးပြောင်းမှုဖြစ်ပေါ်နေသည့် နိုင်ငံများကိုဦးတည်ပြီး သတင်းအချက် အလက်စီးဆင်းမှုများ၊ ငွေရေးကြေးရေး၊ အလုပ်သမားများနှင့် ကုန်စည်များနှင့်ဆက်နွယ်သည် ကိစ္စရပ်များကို အထောက်အကူပြုစေမည့် စီးပွားရေးလုပ်ငန်း ကဏ္ဍများလုပ်ကိုင်ဆောင်ရွက်သည်။

**Danish Institute for Human Right (DIHR)** သည် ဒိန်းမတ်နှင့် ကမ္ဘာတစ်ဝှမ်းတွင် လူ့အခွင့်အရေးတိုးမြှင့်ရန်နှင့်ကာကွယ်ရန်၊ တန်းတူညီမျှဆက်ဆံရန် အခွင့်အာဏာတစ်ရပ် ရှိပြီး ကုလသမဂ္ဂပါရီအခြေခံမှုများနှင့်အညီ ထူထောင်ထားသည့် ဒိန်းမတ်၏အမှီအခိုကင်း သော အမျိုးသားလူ့အခွင့်အရေးအင်စတီကျူးရှင်းဖြစ်သည်။ DIHR၏ လူ့အခွင့်အရေးနှင့် စီးပွားရေ လုပ်ငန်းဌာနသည် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍ၏ လူ့အခွင့်အရေးလေးစားလိုက်နာမှု အခန်းကဏ္ဍကိုအာရုံစိုက်သည်။ သုတေသနပြုလုပ်ခြင်း၊ အသုံးပြုရမည့်ရင်းမြစ်များထုတ်ဝေခြင်းနှင့် အထူးသဖြင့် ကော်ပိုရိတ်သက်ဆိုင်ပတ်သက်သူများနှင့် လက်တွဲဆောင်ရွက်ခြင်းဖြင့် လူ့အဖွဲ့အစည်းအပေါ် စီးပွားရေးလုပ်ငန်းများ၏ ကောင်းကျိုးသက်ရောက်မှုများကို အမြင့်ဆုံးဖြစ်စေပြီး ဆိုးကျိုးသက်ရောက်မှုများကို အနိမ့်ဆုံးဖြစ်စေရန် DIHR က ကြိုးပမ်းလျှက်ရှိသည်။ စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး
အထောက်အကူပြုဌာန

အခြေခံမှုများကို အကောင်အထည်ဖော်နိုင်စေရန် မိမိတို့၏မရှိမဖြစ် အရေးပါသော အခန်း ကဏ္ဍတွင် ပါဝင်လုပ်ဆောင်ရန် NHRIsနှင့် အခြားနိုင်ငံတော်ပိုင်းဆိုင်ရာ လူ့ပ်ရှားဆောင်ရွက်သူများကိုလည်း DIHR က ထောက်ပံ့ပေးသည်။

ဆက်သွယ်ရန်

(မြန်မာ) MCRB (www.myanmar-responsiblebusiness.org)

ဖြူဖြူဇင်၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးအရာရှိ၊

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြ ဌာန(MCRB)၊ ၀၉၇၉၉၆၆၇၇၁၃ သို့မဟုတ်
ပျြ

(အင်္ဂလိပ်) MCRB (www.myanmar-responsiblebusiness.org)

ဗစ်ကီဘိုမန်၊ ဒါရိုက်တာ၊

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန(MCRB)၊

၀၉၄၄၈၀၁၁၈၉၅ သို့မဟုတ် vicky.bowman@myanmar-responsiblebusiness.org